ဇူလိုင်နှင့်ဩဂုတ်လအတွင်း
ပြောက်ကျားသပိတ်များတွင်
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီနှင့်
လူ့ဘောင်သစ်လူငယ်ရဲဘော်များ၏
ပူးပေါင်းပါဝင်ခဲ့သည့် မှတ်တမ်းများ












Public Relation Department of DPNS

# လူ့ဘောင်သစ် စာစဉ်

The New Society

အတွဲ ၄၊ အမှတ် ၂
ဩဂုတ်လ၊ ၂၀၂၂။






[redacted]

မြန်မာပြည် လူမျိုးပေါင်းစုံပြည်သူတွေက မဆလအရေခြုံ စစ်အုပ်စုကို မကြုံစဖူး အုံကြွအာခံ ခဲ့တဲ့ ၈ လေးလုံး အရေးတော်ပုံလဟာ (၃၄) ကြိမ်မြောက် ပြန်ရောက်လာခဲ့ပြီ။ လူထုတိုက်ပွဲကြားက မွေးဖွားခဲ့တဲ့ မိမိတို့ပါတီဟာ ဒီနေ့ ကာလမှာလည်း လူထုနဲ့အတူ တိုက်ပွဲဆက်နေဆဲ၊ ရုန်းကန် အားထုတ်နေကြဆဲ ဖြစ်တယ်။

ပါတီခေါင်းဆောင်များရဲ့အများစုဟာ ၈ လေးလုံး အရေးတော်ပုံကို ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ ဖြတ်သန်းခဲ့တဲ့ တိုက်ပွဲဝင်ရဲဘော်တွေ ဖြစ်သလို မျိုးဆက်သစ်ခေါင်းဆောင်များနဲ့ ပါတီဝင်များအားလုံးနီးပါးကလည်း ပါတီရဲ့ သန္ဓေရဲဘော် ကြီးများရဲ့ ဖြတ်သန်းမှုတွေနဲ့ ၈ လေးလုံး လူထုအရေးတော်ပုံကြီးရဲ့ သမိုင်းစာများကို အနည်းနဲ့အများ လေ့လာသိရှိကြတယ်။ အားကျ အားရမှု၊ တန်ဘိုးထားမှုတွေရှိ ကြတယ်။



အာဏာနည်နေ့မတိုင်ခင်မှာပဲ ဗကသများအဖွဲ့ချုပ်အဖွဲ့ဝင်တွေ၊ မြို့နယ်သပိတ်ကော်မတီတွေ၊ DPNS နဲ့ လူ့ဘောင်သစ်လူငယ်တွေက "လူမျိုးကြီးဝါဒ တိုက်ဖျက်ကြ၊အာဏာနည်ဟာကိုးဦးမက" ဆိုတဲ့ စာတန်းကို ကိုင်ပြီး ဆန္ဒပြခဲ့ကြတယ်။ ဒါနဲ့ပတ်သက်ပြီး ဝေဖန်သံတချို့လည်း ကြားရတယ်။ ကျမ နားလည်ချက်ကတော့ ခေတ်အဆက်ဆက်မှာ စစ်တပ်က မဟာဗမာလူမျိုးကြီးဝါဒကို ကိုင်စွဲပြီး တိုင်းရင်းသားအသီးသီးကို ဖိနှိပ်ခြေမှုန်းခဲ့တယ်။ ဒါရဲ့ အကျိုးဆက်အနေနဲ့ ဗမာမဟုတ်တဲ့ တိုင်းရင်းသားတွေအတွက် ဗမာဆိုတာ မုန်းစရာ ရွံစရာဖြစ်ခဲ့ရတယ်။ အာဏာနည်ဆိုတာ ဗမာမှာသာမက ဗမာမဟုတ်တဲ့ တိုင်းရင်းသားတွေမှာပါ ရှိတယ်လို့ဖော်ပြလိုရင်းဖြစ်ကြောင်း နားလည်မိတယ်။ ဒီနေရာမှာ တခုပြောချင်တာက ဗမာမှတင် မဟုတ်ဘူး။ဘယ်တိုင်းရင်းသား၊ ဘယ်လူမျိုးမဆို လူမျိုးကြီးဝါဒကို ပယ်ရှားနိုင်ဖို့ လိုတယ်။ ဒီကနေ့ကာလမှာ ကျမတို့တွေ အတူတကွ လက်တွဲပြီး ရက်စက်ကြမ်းကြုတ်မှုတွေ ကမ်းကုန်နေတဲ့ ဖက်ဆစ်စစ်တပ်ကို နိုင်ငံ ရေးစင်မြင့်ကနေ တိုက်ထုတ်နိုင်ကြဖို့ လိုပါတယ်။

နောက်တခု ပြောချင်တာကတော့ တပ်ကြီးလည်း ရှိ၊ သတ်နည်းလည်း သိတဲ့ကောင်တွေပေမယ့် စစ်အုပ်စုရဲ့ ပြောပုံဆိုပေါက်နဲ့ လုပ်ဟန်ကိုင်ဟန်တွေက တနေ့တခြား အရူးမီးဝိုင်းအရိုင်းအစိုင်းအသွင် ပိုဆောင်လာနေတယ် ဆိုတာပါပဲ။ အသက်တောင်မပြည့်သေးတဲ့လူငယ် လေးတွေပါမချန် ရက်ရက်စက်စက် သတ်ဖြတ်နေတယ်။ ကျမတို့ ရဲဘော်တွေ လမ်းမပေါ် မှာ၊ စစ်ကြောရေးမှာ၊ အကျဉ်းထောင်အတွင်းမှာ၊ တိုက်ပွဲအတွင်းမှာ ကျဆုံးနေကြရတယ်။ဒင်းတို့ရဲ့ လုပ်ရပ်တွေကြောင့် စေ့စပ်ဆွေးနွေးရေးလမ်းစဉ်ကို လိုက်ဖို့ တစာစာအော်နေကြတဲ့နိုင်ငံတွေတောင်မှဒီလုပ်ရပ်တွေကို ရှုံ့ချကြရတဲ့အချိန် ရောက်နေပါပြီ။ ဒါတွေကို ကြည့်ခြင်းအားဖြင့် စစ်အုပ်စုရဲ့ ဇာတ်သိမ်းခန်းဟာ မဝေးလှတော့တာ အသေအချာပါပဲ။

ဒီအခွင့်အလမ်းကို ကျမတို့ အမိအရ ဆုပ်ကိုင်ကြပြီး ကျဆုံးလေပြီးသော ရာချီ၊ ထောင်ချီ အာဇာနည်တွေအတွက် ဖက်ဆစ်စစ်အုပ်စုကို နိုင်ငံရေးစင်မြင့်ကနေ အပြီးတိုင် မောင်းထုတ်ပစ်ကြပါစို့။ ဇူလိုင်လရဲ့ နာကျင်စရာ သွေးမျက်ရည်တွေကို ခွန်အားအဖြစ် အသွင်သစ်လို့ ရှေ့သို့ ချီတက်ကြပါစို့။ အသွင် ကူးပြောင်းရေးကာလ တရားမျှတမှုကို ဖော်ဆောင်နိုင်ပြီး စစ်အုပ်စုဝင်တွေ ဆယ်စုနှစ်ပေါင်း များစွာ ပြစ်ဒဏ်ကင်းလွတ်ခွင့်ရနေတဲ့အခြေအနေကို အဆုံးသတ်ပစ်ကြပါစို့။ အာဇာနည်တွေ မျှော်မှန်းခဲ့တဲ့၊ ကျမတို့ ရည်သန်တဲ့လွတ်လပ် တန်းတူ ငြိမ်းချမ်းပြီး ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့ နိုင်ငံတော်ဆီ အရောက်လှမ်းကြပါစို့။ ကျမတို့ရဲ့အနာဂါတ်နိုင်ငံကို စစ်ဝါဒီတွေ မကြီးစိုးနိုင်တဲ့ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ကြပါစို့။

ကြယ်စင်မြစ်



ဒီလဟာ ဇူလိုင်လ၊ အာဇာနည်တို့ရဲ့လ. . . .။ မမျှော်လင့်တဲ့ သတင်းဆိုးတွေ ယူဆောင်လာတတ်တဲ့လ. . . .။ ဒီနှစ်မှာ အာဇာနည်နေ့ ၇၅ ပြည့်ခဲ့ပေမယ့် အာဇာနည်ခေါင်းဆောင်ကြီးတွေ မျှော် မှန်းခဲ့တဲ့ တရားမျှတ လွတ်လပ်တဲ့ တိုင်းပြည်ဖြစ်ဖို့အတွက် ကျမတို့တွေ သည်းသည်းသန်သန် ကြိုးစားနေကြရတုန်း....။








ဒီနေရာမှာ ရဲဘော်များကို လေးနက်စေချင်တာက ပါတီရဲ့ စည်းရုံးရေးစည်းကမ်း (တနည်း) ဖွဲ့စည်းပုံစည်းမျဉ်း အကြောင်းဘဲ။ ၂၀၁၇၊ ဒီဇဘ်ာ – ပထမအကြိမ် နိုင်ငံလုံးဆိုင်ရာပါတီစုံညီ အစည်းအဝေးကြီးက အတည်ပြုထားတဲ့ ပါတီဖွဲ့စည်းပုံစည်းမျဉ်းဆိုတာ ရဲဘော်တို့ လေးစား၊ တန်ဘိုးထားကြတဲ့ ပါတီရဲ့ တိုက်ပွဲလက်တွေ့တွေ မူသဘောထားတွေကို အခြေခံရေးဆွဲပြဋ္ဌာန်းခဲ့တာ ဖြစ်တယ်။ တိုက်ပွဲလက်တွေ့က သင်ကြားချက်နဲ့ ကြွယ်ဝလာခဲ့၊ ခိုင်မာတိကျလာခဲ့တဲ့ မူ သဘောထား လုပ်ငန်းစဉ်တွေကို အဖွဲ့အစည်းတရပ်အနေနဲ့ စနစ်တကျ အကောင်အထည်ဖေါ်နိုင်ဖို့ ရေးဆွဲပြဋ္ဌာန်းခဲ့တဲ့ စည်းရုံးရေးစည်းကမ်းတွေ ဖြစ်တယ်။

ဒီစည်းရုံးရေးစည်းကမ်းတွေကို ကိုင်စွဲရင်း ရဲဘော်တို့ရဲ့ စည်းရုံးရေးလက်တွေ့၊ တိုက်ပွဲလက်တွေ့တွေကို ဖြတ်ကြ ၊ အဲ့ဒီကမှတဆင့် ရဲဘော်တို့ရဲ လက်တွေ့က ရတဲ့ သင်ကြားချက်တွေကို သုံးသပ် နိဂုံးချုပ်ပြီး ပို ခိုင်မာ၊ အားရှိတဲ့ ပိုပြီး အလုပ်တွင် ခရီးပေါက်တဲ့ စည်းရုံးရေးစည်းကမ်းတွေကို တိုးချဲ့ကြ။ ဒီလိုကျင့်သုံးကြဖို့ ပါတီဝင်လက်စွဲစာအုပ်ရဲ့ အမှာစာမှာ ပါတီဗဟိုကော်မတီက လမ်းညွှန်ထားတယ်။

ပါတီက တလျှောက်လုံး သဏ္ဍာန်မျိုးစုံ တိုက်ပွဲတွေကို ဖြတ်ရတယ်၊ အခုလည်း လူထုနဲ့အတူ တိုက်ပွဲကြားမှာ ရှိတယ်။ ဒီနေရာမှာ တိုက်ပွဲဖြတ်သန်းစဉ်ကာလ စည်းရုံးရေးစည်းကမ်းရဲ့ တန်ဘိုးမှန်ကို သေချာ လေးနက်ကြရလိမ့် မယ်။ တိုက်ပွဲကာလ စည်းရုံးရေးစည်းကမ်းဟာ ပါတီထုတခုလုံးကို တဦးတယောက်တည်းကဲ့သို့ပမာ ဦးတည်ရာဆီ ဖြောင့်ဖြောင့်တန်းတန်း ထိထိရောက်ရောက် ရောက်ရှိအောင် စည်းနှောင်ပေးတဲ့ တန်ဘိုးရှိတယ်၊ ပါတီတရပ်လုံးကို မြားတစင်းလို ပစ်မှတ်ဆီ တည့်တည့် အင်အားရှိရှိ ထိုးဖေါက်သွားစေနိုင်တဲ့ စုစည်းမှုကို ဖန်တီးပေးတယ်။

ဒ့ါကြောင့် ၈ လေးလုံး နှစ်ပတလည် ကျရောက်တဲ့ ဒီဩဂုတ်လမှာ ရဲဘော်များကို အမှတ်တရ ပါးချင်တဲ့ စကားက တော့ **"တိုက်ပွဲကာလ ဖြတ်ရစဉ် စည်းရုံးရေးစည်းကမ်းရဲ့တန်ဘိုးကို အလေးအနက်ရှိကြ"** ဆိုတဲ့စကား ဖြစ်ပါတယ်။

ရည်ညွှန်း။ ။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ပါတီဝင်လက်စွဲစာအုပ်ပါ " ပါတီဗဟိုကော်မတီ၏ အမှာစကား "




စစ်ကောင်စီဟာ NUG CRPH PDF တွေက အကြမ်းဖက်သမားတွေ ဖြစ်တယ်။ သူတို့နဲ့ ဘယ်တော့မှ မဆွေးနွေးဘူးလို့ အကြိမ်ကြိမ်ပြောခဲ့တယ်။ ဒေါ်အောင်ဆန်းစုကြည်ကိုလည်း သူမ ကျူးလွန်ထားတဲ့ ပြစ်မှုများအရ ဖမ်းဆီးထိန်းသိမ်းထားသူ၊ အခုထိ တရားရင်ဆိုင်နေရသူ ဖြစ်တယ်။ ဒါကြောင့် အာဆီယံအထူးကိုယ်စားလှယ်အပါအဝင် ဘယ်နိုင်ငံတကာက ခေါင်းဆောင်နဲ့မှ တွေ့ခွင့်မပေးနိုင်ဘူးလို့ စစ်ကောင်စီက အမြှုပ်ထွက်အောင် ပြောဆိုခဲ့တယ်။

ဒါပေမဲ့ တပြိုင်နက်တည်းမှာ စစ်ကောင်စီရဲ့ စာနယ်ဇင်းရှင်းလင်းပွဲ ဆိုတာတိုင်းလိုလိုမှာ အလံရှူးမီဒီယာတွေက NLD ကို ဖျက်သိမ်းရန်၊ မတရားသင်းကြေညာရန် အစီအစဉ် ရှိမရှိ၊ အနည်းဆုံး နောက်ဆုံးသတိပေးချက် Last Warning ပေးဖို့ အစီအစဉ်ရှိမရှိ ခလေးတွေ ပွဲလိုက်ပို့ဖို့ အဖေကို ပူဆာသလို တမေးတည်း မေးနေကြတဲ့အချိန်မှာ ဘာမှ တိတိကျကျ ပြန်မဖြေဘဲ ဥပဒေနဲ့အညီ ဆောင်ရွက်သွားမှာပါလို့ချည်း ဝါးတားတားတွေ ဖြေခဲ့တာပါ။

အဓိပ္ပါယ်က ကျနော့်အယူအဆ စစ်ကောင်စီကNLD ကို မဖျက်ရဲဘူး။

NLDကို ချစ်လွန်းလို့ မဖျက်ရဲတာ မဟုတ်ဘူး။ တနေ့နေ့မှာ NLD ကို ကိုင်ပြီး ကစားရမယ့် အကွက်တွေ ပေါ်လာနိုင်တယ် ဆိုတာကို စစ်ကောင်စီက သေသေချာချာ ရည်ရွယ်ထားလို့ ဖြစ်ပါတယ်။ စစ်ကောင်စီက NUG CRPH PDF တွေကို ဘယ်လောက်မုန်းမုန်း၊ NLD ကို ဘယ်လောက်မုန်းမုန်း၊ ဒေါ်အောင်ဆန်းစုကြည်ကို ဘယ်လောက်မုန်းမုန်း NLD နဲ့ ဒေါ်အောင်ဆန်းစုကြည်ကို စစ်အုပ်စု အသက်ဆက် ရေးအတွက် ကောင်းကောင်းအသုံးချဖို့ မျှော်ထားတာ၊ မဖျက်သေးဘဲ မွေးထားတာ ဖြစ်လိမ့်မယ်လို့ ကျနော်ယူဆပါတယ်။





ရေလိုက်လွဲနေတာတွေလည်း အမှန်ရှိတယ်။ တကယ်တိုက်နေရတဲ့၊ တကယ်တိုက်ပွဲဆင်ဖို့ ဦးတည်တဲ့ အင်အားစုတွေမှာ မပြည့်မစုံ ချို့ငဲ့မှုတွေနဲ့ ခရီးတွင်သင့်သလောက် မတွင်တာလည်း လက်တွေ့ရှိနေတယ်။ ကိုယ့်ဘက်မှာ စစ်အာဏာရှင်စနစ်ကို အမြစ်ဖြတ်သုတ်သင်ပြီး အောင်ပွဲခံနိုင်ဖို့ တမျိုးသားလုံး ကိုယ်စားပြုတဲ့ တပ်ပေါင်းစုကြီး (စစ်ရေးအရရော၊ နိုင်ငံရေးအရပါ) မရှိသေး၊ မပေါ် ဆောင်နိုင်သေးဘူး။

သို့သော် အဲ့ဒီကြားကဘဲ ဒီတစ်နှစ်ခွဲကျော်ကာလမှာ ရန်သူစစ်အုပ်စုဟာ သူ့ကိုယ်သူ နာလန်ထူအောင် မစွမ်းနိုင် တာ အထင်အရှားဘဲဖြစ်တယ်။ စစ်အုပ်စု၊ စစ်အာဏာရှင်စနစ်ဟာ နိုင်ငံရေးအရ လူသူတကာ အော့ကြောလန်အောင် ဘုံးဘုံးကျ အရှုံးကြီး ရှုံးပြီဆိုတာ တိုက်ပွဲဝင် အင်အားစုတိုင်း ခိုင်ခိုင်မာမာ မြင်တတ် ယုံတတ်ဖို့ လိုတယ်။ စစ်အုပ်စု လက်ထဲက အရိုးအရင်းများဆီ မျက်စပစ် စိတ်ကစားနေတဲ့သူများလည်း ကျွန်ဝယ်ရာ အဆစ်ပါပြီး ကိုယ်ပါ နွံနစ်မယ့် အန္တရာယ်၊ ပြည်သူ့တံတွေးကွက်မှာ စုန်းစုန်းမြုပ်မယ့်အန္တရာယ်ကို မျက်ခြည်ပြတ်မသွားကြဖို့ လိုတယ်။

ကဲ ပုခုံးထက်က ကျောဘက်ကို တစ်နှစ်ခွဲ လှည့်ကြည့်မိသမျှ နိဂုံးပြန်ချုပ်ပါမယ်။

တော်လှန်ရေးအင်အားစုတွေ အောင်ပွဲ မခံနိုင်သေး၊ တော်လှန်တဲ့ပြည်သူတွေ စစ်ပန်းကြပြီ မှန်ပေမယ့် ပြည်သူ့ ရန်သူ စစ်အာဏာရှင်စနစ်ဟာ တိုက်ပွဲ မနိုင်သေးရုံမက အောင်ပွဲခံနိုင်စရာ လုံးလုံး အနာဂတ်မရှိတဲ့ အခြေကို ဆိုက်နေ တာ အသေအချာပါဘဲ။ မကြာသေးခင်က ကိုဂျင်မီအပါအဝင် ၄ ဦးကို မတရား ကွပ်မျက်လိုက်တာဟာ တဖက်က ကြည့်ရင် “ အကုန်ဖမ်း အကုန်သတ် အကုန်မီးတိုက် ” ဆိုတဲ့ ရုန့်ရင်း ရိုင်းစိုင်းမှုကို ဖေါ်ပြရာ ရောက်သလို၊ အခြား မျက်နှာစာတဖက်က သုံးသပ်ရင် စစ်အုပ်စုဟာ တိုက်ပွဲရှုံးနေတယ်ဆိုတာ၊ နိုင်ဖို့ မျှော်လင့်ချက်မရှိဘူးဆိုတာ အတိအလင်း ဝန်ခံရာရောက်တဲ့ လုပ်ရပ် ဖြစ်ပါတယ်။

မိမိတို့ပါတီအပါအဝင် နွေဦးတော်လှန်ရေးအင်အားစုများအနေနဲ့ လက်တွေ့တိုက်ပွဲရဲ့ တောင်းဆိုချက်များအတွက် စုပေါင်းလက်တွဲ နည်းလမ်းရှာ အားထုတ်ရင်း တိုက်ပွဲဆက်ကြဦးစို့လို့ အကြံပြု နှိုးဆော်အပ်ပါတယ်။ ။

**စောဝင်း**

အာဏာသိမ်းစစ်အုပ်စုဟာ တလပိုင်လိုက်အောင် ကမောက်ကမဖြစ်နေတဲ့ တိုင်းပြည်ရဲ့ အခြေအနေအရပ်ရပ်ကို နိုင်နင်းအောင် မထိန်းကျောင်း မကိုင်တွယ်နိုင်ဘူး။ မူလတန်းအဆင့် စာသင်ကျောင်းတွေကို ကျန်းမာရေး စောင့် ရှောက်မှုနဲ့ လုံခြုံရေးအာမခံမှု မပေးနိုင်တဲ့ကြားက ရုပ်ပြကောင်းအောင် ဇွတ်ဖွင့်ထားတယ်။ ငြိမ်းချမ်းရေး ဆွေးနွေး မယ် ....တို့၊ ရွေးကောက်ပွဲအသစ် လုပ်မယ် ....တို့ စတဲ့ ပရိယာယ် ဉာဏ်အနီအနက်တွေသုံးပြီး ၂၀၀၈ ခြေ။ဥ ထောင်ချောက်ကို မွန်းမံ ပွဲထုတ်လာတယ်။ “ အကုန်ဖမ်း အကုန်သတ် အကုန်မီးတိုက် ” ဆိုတဲ့ ရမ်းကားလက်စများ လည်းအခြားတဖက်မှာ တပြိုင်တည်း ကျူးလွန်နေတယ်။

လမ်းပေါ် ဆန္ဒပြပွဲတွေ၊ မြို့ပေါ် ပျောက်ကြားတိုက်ပွဲတွေဟာ နှိုင်းယှဉ်ချက်အရ ၂၀၂၁ အကုန် ၂၀၂၂ ဆန်းစကာလ ထက် ခပ်ကျဲကျဲ ဖြစ်သွားပြီ မှန်ပေမယ့် ဆက်ရှိနေဆဲဖြစ်တယ်။ သေချာတာက စစ်အုပ်စု လက်ကိုင်ဒုတ် ကြေးစား တပ်ဟာ ဘယ်တိုက်ပွဲမှာမှ ပြတ်ပြတ်သတ်သတ် အနိုင်ယူ ခြေမှုန်းနိုင်တာ မရှိသေးဘူး။ ရန်ကုန်မြို့လည် တာမွေဗလီ ထိပ်လိုနေရာမှာ ကွန်ကရိဘန်ကာကြီး အခိုင်အခန့်ဆောက်ပြီး ဟန်ရေးတွေပြနေပေမယ့် နေရာ အတော်များများမှာ ကင်းရှည်တွေ မထုတ်နိုင်ဘူး။ ပုံမှန် လှည့်ကင်းကား တစ်စီးမှာ ၃ – ၄ ယောက်ထက် ပိုအားမဖြည့်နိုင်ဘူး။

စစ်အုပ်စုအတွက် အဆိုးဆုံးနဲ့ ကိုယ့်ဘက်အတွက် အကောင်းဆုံးကတော့ ခု တစ်နှစ်ခွဲကျော်ကြာ တိုက်ပွဲတွေ အီ လာ၊ ပန်းလာချိန်အထိ လူမျိုးစုံ မြန်မာပြည်သူတွေက “ သူတို့ရဲ့ အနာဂတ်နိုင်ငံတော်သစ်မှာ စစ်အာဏာရှင်စနစ် လုံးလုံး လျားလျား ကင်းစင်မှသာ လွတ်လပ်၊ ငြိမ်းချမ်း၊ လုံခြုံလိမ့်မယ် ” လို့ ပိုင်းပိုင်းဖြတ်ဖြတ် ခံယူထားကြတဲ့ အချက် ဘဲဖြစ်တယ်။ နေ့စဉ် လမ်းပေါ်မှာ၊ ဈေးတွေ၊ လုပ်ငန်းခွင် အသီးသီးမှာ ကြုံဆုံလေ့ရှိတဲ့ ပြည်သူတွေအများစုရဲ့ အဲ့ဒီခံယူ မှုဟာ တိုက်ပွဲအတွက်၊ နွေဦးတော်လှန်ရေး အတွက် မခမ်းခြောက်နိုင်တဲ့ ရေသောက်မြစ်ကြီး ဖြစ်တယ်။

နွေဦးတော်လှန်ရေးဟာ လက်နက်ကိုင် ခုခံစစ်ကနေတဆင့် လက်နက်ကိုင်တော်လှန်ရေးဟာ ပင်မတိုက်ပွဲ သဏ္ဌာန်အဖြစ် ကူးရောက်ခဲ့တဲ့ တစ်နှစ်ခွဲကာလအတွင်း တိုက်ပွဲရှည်ကြာပြီး ပန်းလာကြတာ မှန်တယ်။ ကိုယ့်ဒေသ၊ ကိုယ့်လူမျိုး၊ ကိုယ့်အစုအဖွဲ့ စတဲ့ သီးခြားအကျိုးစီးပွားတွေကို မျှော်ပြီး ၂၀၀၈ ခြေ/ဥ ထောင်ချောက်အောက်ကို မျက် စေ့လည်ချင်ယောင်ဆောင် မျက်စပစ်ဖို့ အားထုတ်လာတဲ့ အချို့အင်အားစုတွေ ရှိလာတာ မှန်တယ်။ အဲ့ဒီလို သီးခြား အကျိုးစီးပွားတွေပေါ် ခွထိုင်ရင်း လူမျိုးပေါင်းစုံပြည်သူတွေနဲ့အတူ တိုက်ပွဲလက်တွေ့ထဲ အားစိုက်ခွန်စိုက် မလိုက်ပါဘဲ ခပ်ဆဆ ခပ်ရွံ့ရွံ့နဲ့ အလိုက်အထိုက်လောက် ဟန်ရေးပြမှုတွေလည်း ရှိတယ်။ ကိုယ့်မှာရှိတဲ့ အင်ကြီးအားကြီးနဲ့ ကိုယ့်ရဲ့ လက်တံရှည်မှုများကို မှန်မှန်ကန်ကန် အသုံးချပြီး တော်လှန်ရေးတပ်ပေါင်းစုကြီးကို ဖေါ်ဆောင်၊ အောင်ပွဲဆီ အရောက်ချီတက်မယ့်အစား ခါးပိုက်ဆောင်အင်အားစုတွေကလွဲရင် ကျန်တိုက်ပွဲဝင် အင်အားစုတွေကို ကျုံလှီ ပါးလျသွားဖို့ သိသိသာသာရော မသိမသာပါ မကြံကောင်းမစီရာတွေနဲ့





## စစ်ကောင်စီက ရွေ့လာနိုင်တဲ့ အကွက်နံပါတ်(၁)

၂၀၂၃ ဩဂုတ်မှာ လုပ်ပေးမယ်ဆိုတဲ့ ရွေးကောက်ပွဲအသစ်ပါ။

နိုင်ငံရေးပါတီတွေပြန်မှတ်ပုံတင်ရမယ်တို့၊နိုင်ငံရေးပါတီများတည်ထောင်ခွင့်ဥပဒေ၊ ရွေးကောက်ပွဲဥပဒေနဲ့ နည်းဥပဒေတွေ ပြန်လည် ပြုစုနေပါပြီတို့၊ PR ရွေးကောက်ပွဲစနစ်နဲ့ ကျင်းပပြုလုပ်သွားမှာ ဖြစ်တယ်တို့၊ မဲစာရင်းတွေ ပြုစုနေပါပြီတို့ တောက်လျှောက်ပြောနေတယ်။ အဲ့ဒါတွေက သေချာပေါက် အဆင်သင့်ဖြစ်ပြီးပဲ ထားပါ။ အဆင်သင့်မဖြစ်တာက စက္ကန့်နဲ့အမျှ နိုင်ငံအနှံ့မှာ ဖြစ်ပွားနေတဲ့ ခုခံတော်လှန်စစ်ပွဲများနဲ့ နယ်မြေရှင်းလင်းရေးလို့ စစ်ကောင်စီက အမည်တပ်ထားတဲ့ အကုန်ဖမ်း၊ အကုန်သတ်၊ အကုန်မီးရှို့နေတဲ့ ဖြစ်ရပ်တွေ။ နောက်တခုက NLD အပါဝင် လူထုက နိုင်ငံရေး အရ တန်ဖိုးထားခံရတဲ့ ပါတီတွေ စစ်ကောင်စီလုပ်ပေးမယ့် ရွေးကောက်ပွဲ ဝင်၊ မဝင်ကိစ္စ ဖြစ်ပါတယ်။

ပြည်တွင်းအခြေအနေအရပ်ရပ်ကြောင့် ရွေးကောက်ပွဲက အေးချမ်းစွာ ကျင်းပလို့ ရ၊ မရ မသေချာဘူး။

NLD အပါအဝင် နိုင်ငံရေးအရ တန်ဖိုးထားခံရတဲ့ ပါတီတွေဖျက်ခံရလို့ သို့မဟုတ် သပိတ်မှောက်လို့ မပါကြဘူးဆိုရင် အဲ့ဒီရွေးကောက်ပွဲမှာ စစ်ကောင်စီတပည့်တပန်းပါတီတွေနိုင်ပြီး အစိုးရဖွဲ့နိုင်သည့်တိုင်အောင်၊ မင်းအောင်လှိုင် သမ္မတဖြစ်သွားသည့်တိုင်အောင် ဒီရလဒ်ကို ပြည်တွင်းနဲ့ နိုင်ငံတကာက အသိအမှတ်ပြုကြပါ့မလား။ ဝေးပါတယ်။ ဘယ်လိုမှကို Legitimacy မရနိုင်ပါဘူး။ ငွေကုန်လူပန်းဖြစ်ရုံမက ကိုယ့်အရှက်ကိုယ်ခွဲသလို ဖြစ်သွားနိုင်တယ်ဆိုတာ စစ်အုပ်စုက သဘောမပေါက်ဘဲ မနေပါဘူး။

## စစ်ကောင်စီက ရွေ့လာနိုင်တဲ့ အကွက်နံပါတ်(၂)

၂၀၂၂ ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်ဖော်ပေးတဲ့အကွက်။

အခုရလဒ်အတိုင်းတော့ အကောင်အထည် ဘယ်ဖေါ်ပေးလိမ့်မလဲ။

အခု NLD က ဘယ်လိုညစ်လိုက်လို့၊ ကြိုတင်မဲတွေမှာ မသမာလို့၊ မလျော်ကြဲဇာသုံးလို့ ဆိုတဲ့ စွပ်စွဲချက်တွေနဲ့ ရွေးကောက်ပွဲဆိုင်ရာခုံရုံးတွေမှာ တရားစွဲထားကြတာတွေ ရှိတယ်။ ကြံ့ဖွံ့က တိုင်ထားတာတွေ ရှိတယ်။ အခြားပါတီတွေကလည်း တိုင်ထားတာတွေ ရှိတယ်။ အဲ့ဒီ ကန့်ကွက်တိုင်ကြားမှုတွေကို အနိုင်ပေးလိုက်ရင် NLD ရဲ့ အနိုင်ရမှုရခိုင်နှုန်းက ပြောင်းလဲသွားလိမ့်မယ်။ NLD အနိုင်ရရှိမှုကို ၅၀ ရာခိုင်နှုန်းအောက် ရောက်သွားအောင် လျှော့ချလိုက်ပြီး စစ်ကောင်စီရဲ့ တပည့်တပန်း ပါတီတွေအားလုံးက ၂၆ ရာခိုင်နှုန်း လောက် နိုင်အောင် လုပ်ပေးလိုက်ပြီဆိုရင် တပ်မဲ ၂၅ ရာခိုင်နှုန်းနဲ့ ပေါင်းပြီး အစိုးရလည်း ဖွဲ့လို့ရတယ်။ သမ္မတလည်း ဖြစ်လို့ရတယ်။ မသိသူတွေကြားမှာ ၂၀၂၂ ရွေးကောက်ပွဲရလဒ်ကို အကောင်အထည် ဖေါ်ပေးတယ်ဆိုတဲ့ နာမည်ကောင်းတောင် ရဦးမယ်။

ဒါပေမဲ့ ဒီလို သူ လုပ်ချင်တိုင်း လုပ်နေတာ၊ ချိုးချင်တိုင်း ချိုးနေတာကို မဲဆန္ဒရှင်ပြည်သူတွေက လက်ခံပါ့မလား။ NLD ကရော လက်ခံပါ့မလား။ နွေဦးတော်လှန်ရေးကြီးကရော လက်ခံပါ့မလား။ အဲဒါက စစ်ကောင်စီအတွက် ခေါင်းမီးတောက်အောင် စဉ်းစားရမယ့်အချက် ဖြစ်လာတယ်။

ဒါတွေကိုကျော်ဖို့ဆိုရင် စစ်အုပ်စုကကြားပွဲစားကောင်းကောင်းရှာပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ ကြိတ်ညှိဖို့ လိုတယ်ဆိုတာကို သိနိုင်ပါတယ်။ ညှိလိုက်ရင် ပြေလည်ကောင်းရဲ့လို့ စိတ်ကူးလည်းယဉ်နိုင်ပါတယ်။

လူထုတွေ နာနေပြီ။ တချက်တည်းနဲ့ ကိုယ်လိုချင်တဲ့ နေရာအထိ မရောက်နိုင်သေးရင်တောင် ဒါဟာ ရွေးချယ်အပ်တဲ့လမ်း ဖြစ်ပါတယ်။ ဘာညာပေါ့ဗျာ။ အကွက် (၁) အတွက်ပဲ ဖြစ်ဖြစ်၊ အကွက် (၂) အတွက်ပဲ ဖြစ်ဖြစ် ဒေါ်အောင်ဆန်းစုကြည်ကို စစ်ကောင်စီက တော်တော် ညှိချင်ပုံရတယ်လို့ သုံးသပ်မိပါတယ်။

ဒါကြောင့်လည်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယီရဲ့ စကားနဲ့ ဇော်မင်းထွန်းရဲ့ AFP ဖြေကြားချက်တွေကို ပွဲထုတ်လာတာ ဖြစ်တယ်လို့ ကျနော်တော့ ယူဆတယ်။

ကစားကွက်တွေကတော့ NLD နဲ့ ဒေါ်အောင်ဆန်းစုကြည်ကို နွေဦးတော်လှန်ရေးကြီးထဲက ခွဲထုတ်ပြီး လူမျိုးစုံပြည်သူတွေကို ၂၀၀၀ ခြေဥအောက် ပြန်ရောက်သွားစေမယ့် အကွက်တွေ ဖြစ်ပါတယ်။ ပြောရရင် ဒေါ်အောင်ဆန်းစုကြည်ဗိုက်နဲ့ ဓါးထိုးခံခိုင်းမယ့် အကွက်တွေ ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဩဇာနဲ့ တော်လှန်ရေးကြီးကို လမ်းချော်သွားအောင်၊ တုံ့ဆိုင်းသွားအောင်လုပ်မယ့် စစ်အုပ်စုရဲ့ အကြံယုတ် ဖြစ်ပါတယ်။

NLD အပါအဝင် နိုင်ငံရေးရှိတဲ့ ပါတီတွေနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ သတိကြီးကြီးထားကြရမယ့် အချိန်ပဲလို့ ကျနော်တော့ သုံးသပ်မိတယ်။ လမ်းအရွေးမှားလိုက်ရင်၊ ခေါင်းအညိတ်မှားလိုက်ရင် တချက်တည်းနဲ့ မြောင်းထဲရောက်မယ့် ကိန်းပဲလို့လည်း မိတ်ဆွေတွေ၊ လုပ်ဖေါ်ကိုင်ဖက်တွေကို တလေးတနက် သတိပေးချင်ပါတယ်။

ဆရာဝင်းတင် ပြောခဲ့ဖူးတဲ့ " နိုင်ငံရေးမှာ လူထုနဲ့ ကင်းကွာရင် မှားတော့တာပဲ " ဆိုတဲ့ စကား၊ သိပ်ကို အဓိပ္ပါယ်ကြီးတဲ့စကား၊ ဘယ်အချိန်မှာပဲဖြစ်ဖြစ် လိုက်နာကျင့်သုံးအပ်တဲ့ လမ်းညွှန်စကား–ဖြစ်တယ်လို့ ယုံကြည်ပါတယ်။ ။

**လွှမ်းနွေငြိမ်း**
၂၀၂၂ ခုနှစ်၊ ဇူလိုင် ၆ ရက်။








ကောက်ကျစ်တဲ့ စစ်အုပ်စုရဲ့ အာဏာသိမ်းမှုက စတင်တဲ့ နွေဦးတော်လှန်ရေးဟာ ၁ နှစ်ခွဲ နီးပါးရှိခဲ့ပြီ။

AAPP(B) နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းနဲ့ အခြားစစ်တမ်းတွေ အလိုအရ သတ်ဖြတ်ခံ ရတဲ့ အရပ်သားပြည်သူ ၂,၀၀၀ ကျော်၊ ဖမ်းဆီး ညှဉ်းပမ်းနှိပ်စက်ခံရသူ ၁၃,၀၀၀ ကျော်၊ အိုးအိမ်စွန့်ခွာ ထွက်ပြေးကြရ သူ ၇၀၀,၀၀ ကျော် ဖြစ်ခဲ့ပြီလို့ သိရတယ်။

ကျနော်တို့ပါတီမှာဆိုရင် ဥက္ကဋ္ဌအပါအဝင် ပါတီခေါင်းဆောင်တွေ၊ လူငယ်ခေါင်းဆောင်တွေ ပါတီရဲဘော်တွေ အမြောက်အမြား ဝရမ်းထုတ်လိုက်လံဖမ်းဆီးမှုကိုတိမ်းရှောင်နေရတယ်။ ဗဟိုကော်မတီဝင်တွေအပါအဝင် ပါတီရဲဘော် တွေ ဖမ်းဆီးခံထားကြရတယ်။ တချို့ရဲဘော်တွေရဲ့ နေအိမ်တွေကို အဓမ္မဝင်ရောက်စီးနင်း ရှာဖွေမှုတွေ ရှိသလို အချို့ ပါတီခေါင်းဆောင်တွေရဲ့ နေအိမ်နဲ့ ပိုင်ဆိုင်မှုတွေကို အဓမ္မသိမ်းပိုက်မှုများ ရှိတယ်။

ကိုဗစ်ကို အကြောင်းပြုပြီး လူထုကို သဏ္ဍာန်ပေါင်းစုံနဲ့ အကြပ်ကိုင် ခြိမ်းခြောက် ငွေညှစ်တဲ့ အလုပ်တွေ၊ ဆန်၊ ဆေး၊ နိုင်ငံခြားငွေ အနိုင်ကျင့် သိမ်းပိုက်မှုများကြောင့် ငွေကြေးနဲ့ စီးပွားရေး မတည်ငြိမ်မှုတွေ၊ စက်သုံးဆီ၊ စားသုံးဆီနဲ့ အခြေခံစားကုန်တွေ အဆမတန်ဈေးတက်မှုကြောင့် စား ဝတ် နေဘဝ အကျပ်အတည်းတွေ နေရာအနှံ့မှာ နေ့စဉ် ကြုံနေကြ ရတယ်။ တကယ်က စစ်အုပ်စုက ပြည်သူအများစုကြီးကို နေ့စဉ် စား ဝတ် နေဘဝ ပြဿနာတွေထဲမှာ ခေါင်းမဖေါ်နိုင် အောင် တမင်လုပ်တဲ့ အတွက် ဆိုတာကလည်း အကြောင်းရင်းတစ်အနေနဲ့ ပါတယ်။